# ကောင်း ခြင်း၊ မှန် ခြင်း နှင့် သ မ္မာ တ ရား

## Good, Right & Truth

ချစ်စွာသောဓမ္မမိတ်ဆွေများကို ကောင်းခြင်း၊ မှန်ခြင်းနှင့်သမ္မာတရား ဟူသောစကားလုံးများအပေါ် သေချာစွာစဉ်းစားဆင်ခြင် ခွန်အားယူဖို့ရန် ဝေမျှလိုပါသည်။

### ကောင်းခြင်း (Good)

ကျွန်တော်တို့တွေဟာ ကောင်းတာတွေ လုပ်ဖို့ရန်စိတ်အားကြီးတတ်ကြပါတယ်။ ကောင်းတာလုပ်ဖို့စိတ်အားကြီးခြင်းကို အပြစ်မတင်လိုပါ။ သို့သော် ကောင်းတာလုပ်တိုင်း ဘုရားမနှစ်သက်ဘူးဆို တာကိုတော့သတိပေးလိုပါတယ်။ ကျွန်တော် တို့ရဲ့ကောင်းခြင်းတွေကဘုရားရှေ့မှာနှစ်သက်ဘွယ်မဖြစ်လို့ ဘုရားသခင်ကသားတော်ယေရှုကို လောက သို့စေလွှတ်ပြီးကျွန်တော်တို့ကိုရွေးနှုတ်ကယ်တင်ထားတာဖြစ်ပါတယ်။ လူတွေရဲ့ ကောင်းခြင်းဟာ ဘုရားသခင်ရှေ့မှာ နှစ်သက်ဘွယ်ဖြစ်ခဲ့ရင် သားတော်ယေရှု လောကသို့ ကြွလာစရာမလိုပါဘူး။ ကျွန်တော်တို့ ရဲ့ကောင်းခြင်းတွေဟာ ဘုရားသခင်ရှေ့မှာ နှစ်သက်ဘွယ်မဖြစ်ပါဘူး။ ဟေရှာယ ၆၄း၆ အရဆိုလျှင် ''ညစ်သောအဝတ်'' ရှိစရာကောင်းတယ်လို့ ဖော်ပြပါတယ်။ သမ္မာကျမ်းစာမှာကောင်းတာလုပ်ပေမဲ့ ဘုရားရှေ့မှာမျက်နှာမရတဲ့သူတွေအကြောင်း များစွာဖော်ပြထားပါတယ်။ ဥပမာတချို့ ကိုဖော်ပြပါမယ်။ ကာဣန ဟာသူ့လယ်ကထွက်တဲ့အသီးအနှံတွေကိုယူလာပြီး ဘုရားကိုပူဇော်ပါတယ်။ လယ်ထွက်အသီးအနှံတွေကိုရောင်းပြီးအပျော်အပါးလိုက်စားတာမဟုတ်ပါဘူး။ သူ့လုပ်အားနဲ့ ရလို့ထားတာကိုလာ ပူဇော်တာပါ။ မကောင်းဘူးလားလို့မေးရင်၊ ကောင်းတာ ပေါ့လို့ဖြေရပါတယ်။ ဒါပေမဲ့ဘုရားသခင် လက်မခံပါဘူး၊ ဘုရားသခင်ရဲ့အလိုတော်နဲ့မညီတာကြောင့် လက်မခံပါဘူး။ သည်နေရာ မှာကောင်းဖို့ထက် အလိုတော်နဲ့ကိုက်ညီဖို့ပိုအရေးကြီးပါတယ်လို့ နားလည်ရပါတယ်။ ဒုတိယအနေနဲ့ ကတော့ ရှောလုဘုရင်ကိုကြည့်ပါ။ ၁ရာ ၁၅ မှာ အာမလက် လူတို့ကိုစစ်တိုက်လို့နိုင်တဲ့အခါ အာမလက်တို့ပိုင်တဲ့သိုး၊နွားများကိုဘုရားသခင်ကဖျက်ဆီးခိုင်းပါတယ်။ ဖျက်ဆီးခိုင်းတာလည်း ဘုရားသခင်ကအကြောင်းရှိပါတယ်။ ဒါပေမဲ့ရှောလုဟာအကုန်လုံး ကိုမဖျက်ဆီးဘဲဆူဖြိုးတဲ့သိုး၊နွားတွေ ကိုချန်ထားပါတယ်။ သမ္မာကျမ်းစာမှာ ရှောလု ကဆူဖြိုးတဲ့သိုး၊ နွားတွေကိုချန်ထားတာသူ့အတွက်မဟုတ်ပါဘူး။ ဘုရားကိုပူဇော်ဖို့ရန်ချန်ထားခြင်းဖြစ်တယ်လို့ဆိုပါတယ်။ သို့သော် ပရောဖက် ရှမွေလက(၁ရာ ၁၅း၂၂)မှာ အလိုတော်သို့လိုက်ခြင်းသည် ယဇ်မျိုးထက်သာကောင်း၏လို့ပြောပါတယ်။ ရှောလုစဉ်းစားတာ ကောင်းသောအရာတွေနဲ့ ဘုရားကိုပူဇော်ဖို့ပါ။ ဘုရားသခင်ကတော့ ငါ့စကားကိုနားမထောင်ဘူး၊ အလိုတော်ကိုမဆောင်ဘူးလို့ ဆိုပါတယ်။ ရှောလုဟာ အမင်္ဂလာဖြစ်ပါတယ်။ ကောင်းမယ်ထင်လို့လုပ်လိုက်ပေမဲ့ အလိုတော်နဲ့မကိုက်လို့ ဘုရားသခင်ရှေ့မှာမျက်နှာမရပါဘူး။ ဒါ့ကြောင့် ကျွန်တော်တို့အသက်တာမှာ သေချာစဉ်းစားပါ။ ဒါလုပ်ရင်မကောင်းဘူးလား၊ ကျွန်တော်တို့အသင်းတော်မှာ သည်လိုလုပ်ရင်မကောင်းဘူးလား စသည်ဖြင့်ကောင်းဖို့ရည်ရွယ်ချက်နှင့် လုပ်နေတာတွေများစွာရှိပါတယ်။ကျွန်တော်တို့သတိမမူတာကတော့ ဘုရားသခင်အလိုတော်နှင့်ကိုက်မကိုက်ဆိုတာပါဘဲ၊ ကောင်းဖို့ထက် အရေးကြီးတာကအလိုတော်နှင့်ကိုက်ညီဖို့ပါ။

စာရေးသူအသက်တာမှာ မိတ်ဆွေတွေထဲက ''ဆရာ ကျွန်တော်တို့ကျမ်းစာကျောင်းတက်တော့မယ်၊ မကောင်းဘူးလား''လို့လာတိုင်ပင်ပါတယ်။ အရက်သောက်မယ်၊ ဖဲရိုက်မယ်လို့တိုင်ပင်တာမှမဟုတ်ဘဲ၊ ကောင်းတာပေါ့၊ ဒါပေမဲ့ကောင်းဖို့ထက် ဘုရားသခင်အလိုတော်နဲ့ကိုက်ဖို့အရေးကြီးပါတယ်။ စာဖတ်သူအနေနဲ့စဉ်းစားပါ။ အသက်တာမှာကောင်းမယ်ထင်ဒါတွေလုပ်နေတာလား။ ဘုရားသခင်အလိုတော်အတိုင်း လိုက်လျှောက်လုပ်ဆောင်နေတာလား။ အလိုတော်ထဲမှာကောင်းသောအရာတွေရှိပေမဲ့၊ ကောင်းတိုင်းဘုရားသခင်အလိုတော်မဟုတ်ဘူးဆိုတာတော့ဆင်ခြင်ပါ။

## မှန်ခြင်း (Right)

ကျွန်တော်တို့ဟာလောကမှာ အမှန်တရား ဆိုတာကိုလည်းဦးစားထားတတ်ပါတယ်။ မှန်မှ လက်ခံမယ်စသည်ဖြင့်ပြောတတ်ပါတယ်။ ကျွန်တော်တို့ကိုဘုရားသခင်က လက်ခံတဲ့အခါ၊ မှန်လို့မဟုတ်ပါဘူး၊ ချစ်လို့လက်ခံတာပါ။ ဇော်သူလင်းကအပြစ်သားဘဲ။ ဘယ်မှန်ပါ့မလည်း၊ အမှားတွေတလှေကြီးရှိပါတယ်။ ဒါပေမဲ့မမှန်တဲ့ ဇော်သူလင်းကို ဘုရားကလက်ခံပါတယ်။ ချစ်လို့ပါ။ လောကမှာတစ်ယောက်အတွက်မှန်ရင်တောင်၊ တစ်ယောက်အတွက်မှားနေတတ်ပါ တယ်။ သမ္မာကျမ်းစာ မဲ ၁၆း ၂၁-၂၃ ကိုကြည့်ရင် သခင်ယေရှုက ကားတိုင်မှာအ သေခံမည့်အကြောင်း၊ တပည့်တော်တွေကိုပြောပြတဲ့အခါ ပေတရုကအပြစ်တင်ပါတယ်။ သူ့ ဆရာကိုလူတွေကဖမ်းမှာ၊ ရိုက်နှက်ည ှင်းဆဲ ပြီးကားတိုင်မှာတင်သတ်မည့်ကိစ ္စကို တပည့် ဖြစ်တဲ့ ပေတရုလက်သင့်မခံနိုင်ပါဘူး။ သူ့ဆရာကိုပေတရု ကာကွယ်ဖို့ရန် စဉ်းစားတာမှန် ပါတယ်။ ဒါပေမဲ့ သခင်ယေရှုက အချင်းရန်သူ လို့အပြစ်တင်ပါတယ်။ တပည့်တစ်ယောက် အနေနှင့်ဆရာကိုကာကွယ်ဖို့ရန် စဉ်းစားတာ ကမှန်ပေမဲ့ ဘုရားသခင်အလိုတော်က သခင် ယေရှုကားတိုင်တင်ဖို့ပါ။ သခင်ယေရှုကို ကားတိုင်တင်မသတ်ဖို့ရန် ပေတရု ကကာကွယ်နေ တာ အလိုတော်ကိုဆန့်ကျင်နေခြင်းဖြစ်ပါတယ်။ မှန်ပေမဲ့အလိုတော်နဲ့မကိုက်ညီလို့ သခင်ယေရှု ကမနှစ်သက်ပါဘူး။ ကျွန်တော်တို့အသက်တာမှာ မှန်တာတွေလုပ်ဖို့ထက် ဘုရားသခင်အလို တော်နဲ့ကိုက်ညီဖို့ အရေးကြီးပါတယ်။

သခင်ယေရှုရဲ့သွန်သင်မှု (မ ၇း၃၈-၃၉)မှာမိမိအသားနာအောင်လုပ်ရင် ပြန်လုပ်တာ လောကမှာမှန်ပေမဲ့၊ ကိုယ်တော်ကအလိုတော်မရှိပါဘူး။ သခင်ယေရှုကအမှန်တရားထက် သာ ကောင်းမြတ်တဲ့သသမ္မာတရားကိုသွန်သင်ပါတယ်။ သခင်ယေရှုက သူဟာသမ္မာတ ရား ဖြစ်တယ်လို့ (ယော ၁၄း၆) မှာဖော်ပြပါတယ်။ ဒါကြောင့်ကိုယ်တော်က သမ္မာတရားကို ဘဲသင်ပါတယ်။ ဒါကြောင့်ဘုရားသခင်ရှေ့မှာ မှန်ဖို့ထက် သမ္မာတရားနဲ့ညီဖို့အရေးကြီးပါ တယ်။ စာဖတ်သူရဲ့အသက်တာမှာ မှန်တာတွေကိုလုပ်နေတာလား၊ သမ္မာတရားနဲ့အညီ လိုက် လျှောက်အသက်ရှင်နေတာလား၊ ပြန်လည်ဆင် ခြင်ကြည့်ပါ။ သမ္မာတရားနဲ့ညီမှ ဘုရားသခင် ရှေ့တော်မှာမျက်နှာရမှာဖြစ်ပါတယ်။

## သမ္မာတရား (Truth)

သမ္မာတရားဆိုသည်မှာ ဘုရားသားသမီး များအတွက် အရေးကြီးဆုံးဟုနားလည်ရပါ တယ်။ ''လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက် သမ္မာတရားကိုသိစေခြင်းငှာ၊ ဘု ရားသခင်အလိုတော်ရှိ၏''(၁တိ ၂း၄) ဖော်ပြသည့်အတိုင်း ကယ်တင်ခြင်းစိတ်ချမှုရပြီးသော အသက်တာမှာ သမ္မာတရားနှင့်အသက်ရှင်ဖို့ ဘုရားသခင်အလိုတော်ရှိပါတယ်။ ဘုရားသား သမီးများ သမ္မာတရားမှာအသက်ရှင်မှ အလိုတော်နှင့်ကိုက်ညီပါမည်။ ဘုရားသခင်အလို တော်နှင့်ညီသော အသက်တာဖြစ်ဖို့ရန် သမ္မာတရားကိုလိုအပ်ပါတယ်။ သမ္မာတရားဆိုသည် မှာ နှုတ်ကပတ်တော်ပင်ဖြစ်သည်။ ဘုရားစကား(နှုတ်ကပတ်တော်) အတိုင်းလုပ်ဆောင်မှ အလိုတော်နှင့်ညီကြောင်း နားလည်ရပါတယ်။ ကောင်းသော်လည်းဘုရားစကားနှင့်မညီလျှင် အချိုးအနှိုးဖြစ်ပါတယ်။ မှန်သော်လည်းဘုရားစကားနှင့်မညီလျှင် အချိုးအနှိုးဖြစ်ပါတယ်။ ထို့ ကြောင့်ဘုရားစကားတည်းဟူသော သမ္မာတရားနှင့်မညီ လျှင်ဘုရားသခင်အလိုတော်နှင့်မ ကိုက်ညီပါ။ အလိုတော်နှင့်ညီမှ ဘုရားကလက်ခံပါသည်။ အလိုတော်နှင့်ညီမှ ဘုရားရှေ့မှာ မျက်နှာရပါသည်။ အလိုတော်နှင့်ညီမှ ဘုရားသခင်ရှေ့မှာ မင်္ဂလာဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်စိတ်တော်နှင့်တွေ့သော လုပ်ဆောင်ချက်များဖြစ်ဖို့ရန် ဘုရားစကားတော် (သမ္မာတ ရား) အတိုင်းလုပ်ဆောင်အသက်ရှင်နိုင်ဖို့ရန် ဝေမျှလိုပါသည်။

စာဖတ်သူဓမ္မမိတ်ဆွေအပေါ် ဘုရားသခင်ကောင်းကြီးပေးပါစေ။


နာမတော်မြတ်၌

ဇော်သူလင်း

(မြန်မာလူငယ်ပြုစုပျိုးထောင်ရေးသာသနာ)